# အရေးပေါ်လုပ်ဆောင်ရန်တောင်းဆိုချက်

## ကရင်ကျောင်းဆရာဆရာမများအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နှစ်စဉ်ထောက်ပံ့ကြေးများအတွက် လိုအပ်မှုအချို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တောင်းဆိုခြင်း

နေ့စွဲ - ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်

လေးစားရပါသောအလှူရှင်များသို့

ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) နှင့် ကရင်ဆရာ,ဆရာမများအသင်း (KTWG)တို့သည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကော်သူးလေ - ကရင်ပြည်နယ်တွင်းရှိ ကျောင်းဆရာ၊ဆရာမများအတွက် နှစ်စဉ်ထောက်ပံ့ငွေ ပံ့ပိုးပေးခြင်းအပေါ် အရေးပေါ်ရန်ပုံငွေအချို့လိုအပ်နေမှုအခြေအနေကို ကူညီထောက်ပံ့ပေးရန် တောင်းဆိုချက်အား မျှဝေအပ်ပါသည်။

၂၀၂၅ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ နိုင်ငံတကာ အခြေအနေအပြောင်းအလဲများကြောင့် NGO, INGOs နှင့် ပြည်တွင်း လူမှုအဖွဲ့အစည်းများ၏ ရပ်ရွာဖွံ့ဖြိုးရေးတွက် ထောက်ပံ့မှုများတွင် အရေးကြီးသော ရန်ပုံငွေ အကြပ်အတည်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ၎င်းအခြေအနေသည် ကရင်ရပ်ရွာလူထုအတွက် သာမက အထူးသဖြင့် ကျောင်းဆရာ၊ဆရာမများအပေါ် သက်ရောက်မှုရှိခဲ့ပါသည်။ ကျောင်းဆရာ၊ဆရာမများသည် ကလေးသူငယ်များ အနာဂတ်အတွက် အရေးကြီးသော အခန်းကဏ္ဍတွင် ရှိသူများဖြစ်ပါသည်။

ပြီးခဲ့သည့်နှစ်တွင် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန(KECD) နှင့် ကရင်ဆရာ,ဆရာမများအသင်း (KTWG) တို့သည် ဆရာ၊ဆရာမ တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၁၂,၀၀၀ ဘတ် (၃၅၀ ဒေါ်လာ ခန့်) ပံ့ပိုးရန် စီစဉ်ခဲ့သော်လည်း ရရှိသော ရန်ပုံငွေသည် လုံလောက်မှုမရှိခြင်းကြောင့် ကျောင်းဆရာ၊ဆရာမ တစ်ဦးလျှင် ထောက်ပံ့ကြေး ထိုင်းဘတ်ငွေ ၁၀,၅၀၀ ဘတ်သာ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ယခုနှစ်တွင် ကျောင်းဆရာ၊ဆရာမ ၁၀,၈၈၀ ဦးအား နှစ်စဉ်ထောက်ပံ့ကြေးငွေ ပံ့ပိုးရန် ရည်ရွယ်ခဲ့သော်လည်း ပိုမိုကြီးမားသော ရန်ပုံငွေ မလုံလောက်မှုနှင့် ရင်ဆိုင်နေရလျက်ရှိပါသည်။ လက်ရှိတွင် ရန်ပုံငွေ ၅၉% ကို ရရှိထားပြီး၊ ၄၁% ကို အရေးပေါ်အနေဖြင့် လိုအပ်နေပါသည်။

ဤလိုအပ်သောရန်ပုံငွေမရရှိနိုင်ပါက ဆရာ၊ဆရာမ တစ်ဦးချင်းစီ၏ ထောက်ပံ့ကြေးကို ဆရာ၊ဆရာမများအားလုံး လွှမ်းခြုံနိုင်စေရန်အတွက် သိသိသာသာလျှော့ချရမည်ဖြစ်သည်။ ဤသို့သောလျှော့ချမှုသည် စီးပွားရေးနှင့် နိုင်ငံရေးမတည်ငြိမ်သည့် ကာလအတွင်း ဆရာ၊ဆရာမများနှင့် ၎င်းတို့၏မိသားစုများအတွက် အခက်အခဲဖြစ်နိုင်စေသကဲ့သို့ ကုန်ဈေးနှုန်းမြင့်တက်မှု နှင့် ငွေကြေးဖောင်းပွမှုတို့ကြောင့်လည်း ၎င်းတို့အပေါ် ဝန်ထုပ်ဝန်ပိုးများ ပိုမိုများပြားလာပါသည်။ သင်တို့၏ ထောက်ပံ့မှုများသည် ဆရာ၊ဆရာမများ အနေဖြင့် ၎င်းတို့၏အလုပ်ကို ဆက်လက်လုပ်ကိုင်နိုင်ရန်၊ စာသင်ကြားခြင်းအပေါ် အာရုံစိုက်နိုင်ရန်နှင့် စိတ်အားထက်သန်နေစေရန် အထောက်အကူဖြစ်စေပါသည်။

ဆရာ၊ဆရာမများအတွက် နှစ်စဉ်ထောက်ပံ့ကြေးသည် ဆရာ၊ဆရာမများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ကလေးသူငယ်များ၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပါသည်။ ဆရာ၊ဆရာမများအား အားပေးကူညီသည့် သင်တို့၏ပံ့ပိုးမှုသည် ရေရှည်အကျိုးသက်ရောက်မှု ဖြစ်စေနိုင်ပါသည်။

သင်၏ပံ့ပိုးကူညီမှုများအတွက်အထူးကျေးဇူးတင်ရှိပါသည်။

-ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD)<br>
-ကရင်ကျောင်းဆရာများလုပ်ငန်းအဖွဲ့ (KTWG)

# ၂၀၂၅-၂၀၂၆
# ပညာသင်နှစ်

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကော်သူးလေးကျောင်း ဆရာဆရာမများ၏ နှစ်စဉ်ထောက်ပံ့ခြင်းများကို ပံ့ပိုးပေးရန်အတွက် လက်ရှိကြုံတွေ့နေရသော ဤရန်ပုံငွေလိုအပ်ချက်များကို ပြည့်မီရန် ကျေးဇူးပြု၍ ဝိုင်းဝန်းကူညီပေးကြပါ။

**ကျောင်းဆရာ/မ ၁၁,၉၃၉ ဦး**

**ကျောင်းသူ/သား ၁၄၉,၇၂၈ ဦး**

**စာသင်ကျောင်း ၁,၇၃၈ ကျောင်း**

## ဆရာ၊ဆရာမများအားလုံးပံ့ပိုးနိုင်ရန် ရန်ပုံငွေလွှမ်းခြုံမှု

**၁၀၀%**

ဆရာဆရာမတစ်ဦးသည်နှစ်စဉ်ထောက်ပံ့ကြေးထိုင်းဘတ် (၁၂၀၀၀) ဘတ် ပံ့ပိုးပြီး၊ ဆရာ၊ ဆရာမတစ်ဦးချင်းသို့ အခြေခံလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်လျှင် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာသုခချမ်းသာကို ထိန်းသိမ်းရန်နှင့် ကျောင်းသားများအတွက် အရည်အသွေးပြည့်မီသော ပညာရေးကို ဆရာဆရာများပံ့ပိုးပေးနိုင်ရန် အာရုံစိုက်ပေးနိုင်မည်ဖြစ်သည်။ ဤပံ့ပိုးမှုဖြင့်ကျွန်ုပ်တို့၏ဆရာဆရာများသည် ငွေကြေးဆိုင်ရာစိတ်ဖိစီးမှုမရှိဘဲ ၎င်းတို့၏အရေးကြီးသောအလုပ်များကို စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်စေရန်သေချာစေပြီးနောက်ဆုံးတွင်ဆရာ၊ဆရာမများနှင့် ၎င်းတို့သင်ကြားနေသော ကလေးများအတွက်ပါ အကျိုးကျေးဇူးရှိစေပါသည်။

## ဆရာ၊ဆရာမထောက်ပံ့ကြေး အတွက် လက်ရှိ ရန်ပုံငွေ

**၅၉ %**

၎င်းသည် လက်ရှိရန်ပုံငွေ တစ်ခုဖြစ်ပြီးကျွန်ုပ်တို့၏ ဆရာ၊ ဆရာများသို့ ထောက်ပံ့ကြေးအတွက် အရေးကြီးသော ရန်ပုံငွေကွာဟချက်များရှိနေသေးသည်။

## ဆရာ၊ဆရာမထောက်ပံ့ကြေး အတွက် ရန်ပုံငွေ လိုအပ်မှု

**၄၁ %**

လိုအပ်နေသေးသည့် ရန်ပုံငွေ ၄၁% သည် ကော်သူးလေး ဆရာ၊ဆရာမများ အားလုံးအတွက် ထောက်ပံ့ပေးနိုင်ရန် အရေးကြီးပါ သည်။ ဆရာဆရာများ မီခိုအားထားရသည့် ထောက်ပံ့မှုတွင် မည့်သည့်ဆရာဆရာမတစ်ဦးမှမကျန်ရစ်စေရန် ဤရန်ပုံငွေလိုအပ်မှုကိုဖြည့်ဆည်းရန် ထပ်မံ၍ ပံ့ပိုးကူညီမှုများအရေးတကြီးလိုအပ်နပါသည်။

တစ်ဦးချင်း၊ အဖွဲ့အစည်းများနှင့် အလှူရှင်များသည် ကျောင်းဆရာတစ်ဦး သို့မဟုတ် နှစ်ဦးအတွက် ပံ့ပိုးနိုင်ခြင်း သို့မဟုတ် လိုအပ်သောထောက်ပံ့မှုအားလုံး ပြည့်မီရန်လှူဒါန်းနိုင်ပါသည်။

**သင်၏လှူဒါန်းမှုကိုပေးပို့ရန်-**

**Bank Account Name : Karen Teacher Working Group**

**Bank Account No : 509-0-50857-7**

**Bank Name : KRUNGTHAI BANK**

# ဆရာ၊ဆရာမ ထံမှ သက်သေခံချက်

ကျောင်းအုပ်ဆရာ စောဆဲဝါး အတွေ့အကြုံနှင့်ခံစားချက်ကို ယခုလိုမျှဝေပေးပါသည်။

“ကျွန်တော် အာဏာသိမ်း ကာလအတွင်း ဖြစ်ပေါ်လာသော အခြေအနေများကို ကြုံတွေ့ခဲ့ရပါတယ်။ လေကြောင်းတိုက်ခိုက်မှုများ၊ ဗုံးကြဲတိုက်ခိုက်မှုများနှင့် ရပ်ရွာအနီးဒရုန်းများ ပျံသန်းနေခြင်း အပါအဝင် ရန်သူများက ကျွန်တော်တို့ကို ကြောက်ရွံ့မှုဖြစ်စေဖို့ အမျိုးမျိုးသော နည်းလမ်းများကို အသုံးပြုခဲ့ပါတယ်။ ကျွန်တော်တို့ အမြဲတမ်းကြောက်ရွံ့စိတ်များနဲ့ နေထိုင်ခဲ့ရပြီး စာသင်ကျောင်းအဆောက်အုံမှာလည်း စာမသင်ရဲပါ။

ပညာရေးကို ဆက်လက်ရရှိနိုင်ရန် နှင့် လုံခြုံသောသင်ကြားရေးပတ်ဝန်းကျင်ကို ရရှိနိုင်ဖို့အတွက် ကျွန် တော်တို့ တောထဲတွင် စာသင်ကြားနိုင်သော နေရာကို ရှာဖွေရပါတယ်။ တခါတရံမှာတော့ လူအများနှင့် တစ်နေရာတည်း မစုဝေးဖို့ ကျောင်းသားများကို အုပ် စုခွဲပြီး တစ်နေရာစီ ပြောင်းရွှေ့ ခဲ့ကြပါတယ်။ ဒါ့အ ပြင် ရုတ်တရက်တိုက်ခတ်မှုများအတွက် ကိုယ့်ကိုယ်ကိုကာကွယ်နိုင်ဖို့ ကလေးသူငယ်များအတွက် အန္တရာယ်ကင်းသောနေရာသို့ အချိန်မီ ပြေးသွားနိုင်ဖို ဗုံးခိုကျင်း နေရာများကို တူးဖော်ခဲ့တယ်။ ဒါက မိမိကိုယ်ကိုယ်ကာကွယ်ဖို့ ကြိုတင်ပြင်ဆင်ပေးနိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်တယ်။

ကျွန်တော်တို့ရဲ့ ခေါင်းဆောင်များက ကလေးသူငယ်သူများအတွက် ပညာရေးကို စဉ်ဆက်မပြတ် ရရှိနိုင်ရန် မျှော်လင့်ချက်ဖြင့် ကြိုးစားနေကြပါတယ်၊ သူတို့က ရန်ပုံငွေရရှိရန် အခွင့်အလမ်း များကို ရှာဖွေပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမျိုးမျိုးသော နည်းလမ်းများဖြင့်ကျွန်တော်တို့ကို ထောက်ပံ့ပေးနေကြပါတယ်။

ကျွန်တော်ရရှိတဲ့ နှစ်စဉ်ထောက်ပံ့ကြေးက ကျွန်တော်တို့ရဲ့ ငွေကြေးအခက်အခဲကို လျှော့ချနိုင်စေပါတယ်။ ကျွန်တော်တို့ ကျောင်းဆရာများအနေဖြင့် အချိန် ပြည့် စာသင်ကြားရသည့်အလုပ်ကို လုပ်နေရသော ကြောင့် အပိုငွေရရှိနိုင်ခြင်းမရှိပါ။ ဒီနှစ်စဉ် ထောက်ပံ့ကြေးက ကျွန်တော်တို့ရဲ့ အိမ်ထောင်မိသားစု လိုအပ်ချက်များဖြစ်တဲ့ - အစားအသောက်၊ အဝတ်အစား၊ ကျန်းမာရေးနှင့် အခြားအရေးကြီးသောအရာများကို ဖြည့်ဆည်းနိုင်ဖို့ ကူညီပေးပါတယ်။

ကျွန်တော်တို့အနေဖြင့် နှစ်စဉ်ကျောင်းဆရာထောက်ပံ့ကြေးရရှိခြင်းက စာသင်ကြားရေးအပေါ် စိတ်အားထက်သန်မှုကို တိုးမြှင့်ပေးနိုင်တယ်လို့ ယုံကြည်ပါတယ်။ ဒီလိုထောက်ပံ့မှုမရှိဘဲ ရှေ့ဆက်ပြီးတော့ ကျွန်တော်တစ်ဦးရဲ့အင်အားနဲ့ အဆင်ပြေအောင်မလုပ်ဆောင်နိုင်ဘူးဆိုတာ သိပါတယ်။“



“ကျွန်တော်ရရှိတဲ့ နှစ်စဉ်ထောက်ပံ့ကြေးက ကျွန်တော်တို့ရဲ့ ငွေကြေးအခက်အခဲကို လျှော့ချနိုင်စေပါတယ်။ ကျွန်တော်တို့ ကျောင်းဆရာများ အနေဖြင့် အချိန် ပြည့် စာသင်ကြားရသည့်အလုပ်ကို လုပ်နေရသော ကြောင့် အပိုငွေရရှိနိုင်ခြင်းမရှိပါ။ ဒီနှစ်စဉ် ထောက်ပံ့ကြေးက ကျွန်တော်တို့ရဲ့ အိမ်ထောင်မိသားစု လိုအပ်ချက်များဖြစ်တဲ့ - အစားအသောက်၊ အဝတ်အစား၊ ကျန်းမာရေးနှင့် အခြားအရေးကြီးသောအရာများကို ဖြည့်ဆည်းနိုင်ဖို့ ကူညီပေးပါတယ်။”







ကျောင်းဆရာမ နော်ဒါဆိဖိုး မျှဝေသည်မှာ_

“ကျွန်မတို့ ရရှိတဲ့ နှစ်စဉ် ကျောင်းဆရာ ဆရာမထောက်ပံ့ကြေးက ကျွန်မတို့အတွက် များစွာအထောက်အကူဖြစ်စေပါတယ်။ သင်ကြားရေး ပစ္စည်းများကို ထောက်ပံ့ပေးခြင်းကလည်း ကျောင်းသားမိဘများအပေါ် ဝန်ထုပ်ဝန်ပိုးကို တော်တော်လျှော့ချပေးနိုင်ပါတယ်။ နှစ်စဉ် ကျောင်းဆရာ၊ဆရာမထောက်ပံ့ကြေးက ကျွန်မရဲ့ မိသားစုအတွက် အကျိုးကျေးဇူးအများကြီး ရရှိပါတယ်။ နှစ်စဉ်ကျောင်းဆရာ ဆရာမ ထောက်ပံ့ကြေး ရရှိတဲ့အခါ ကျွန်မ အခြေခံစားသောက်ကုန် ပစ္စည်းများ၊ ဆန် စသည့်ဖြင့် မိသားစုရဲ့ လိုအပ်ချက်များအတွက် ဝယ်ယူရန်အသုံးပြုပါတယ်။

ကျွန်မတို့ရွာက စီးပွားရေးအခက်အခဲနှင့်နှစ်စဉ်အစားအသောက် မလုံလောက်မှုများကို ရင်ဆိုင်နေရတယ်။ ဒါကြောင့် ခေါင်းဆောင်များရဲ့ ထောက်ပံ့မှုသည် ကျွန်မနှင့် မိသားစုအတွက် တန်ဖိုးရှိသော အရာဖြစ်ပါတယ်။

မကြာသေးမီက ကျွန်မတို့ အခက်အခဲ အန္တရာယ်ကြီးများစွာ ရင်ဆိုင်ခဲ့ရပါတယ်။ စစ်တပ်လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခြင်းကြောင့် စာသင်ချိန်အတွင်း ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ် စေပါတယ်။ ဒါ့အပြင် ကျွန်မတို့မှာ လုံလောက်တဲ့ ကျောင်းပရိဘောဂများမရှိပါ၊ ပျက်စီးကျိုးပဲ့နေတဲ့ အကျောင်းအအုံများကိုလည်း ပြုပြင်ချင်ပါတယ်။ ဒါပေမဲ့ ကျောင်းသားမိဘ နှင့် ရပ်ရွာလူထုများရဲ့ ငွေကြေးအခက်အခဲကြောင့် ပြန်လည်ပြုပြင်နိုင်ခြင်း မလုပ်ဆောင်နိုင်သေးပါ။

ဒီအခက်အခဲတွေရှိနေပေမဲ့လည်း ကျွန်မတို့က အကောင်းဆုံးလုပ်ဆောင်နိုင်ဖို့ ကြိုးစားခဲ့တယ်။ ကျွန်မတို့ကို ထောက်ပံ့ပေးနေကြတဲ့ အဖွဲ့အစည်းများက ကျွန်မတို့ရဲ့ မျှော်လင့်ချက်နှင့် အင်အားကို ပေးစွမ်းနေကြပါတယ်။ သင်တို့ရဲ့ အကူအညီက မိဘနှင့် ကျောင်းကော်မတီ အဖွဲ့များအပေါ်ရှိ တာဝန်တွေကို လျှော့ချပေးပါတယ်။ အနာဂတ်မှာလည်း ဆက်လက်ထောက်ပံ့ပေးကြမယ်လို့ မျှော်လင့်ပါတယ်။”

**နှစ်စဉ် ကျောင်းဆရာ၊ဆရာမထောက်ပံ့ကြေးက ကျွန်မရဲ့ မိသားစုအတွက် အကျိုးကျေးဇူးအများကြီး ရရှိပါတယ်။ နှစ်စဉ်ကျောင်းဆရာ ဆရာမ ထောက်ပံ့ကြေး ရရှိတဲ့အခါ ကျွန်မ အခြေခံစားသောက်ကုန် ပစ္စည်းများ၊ ဆန် စသည့်ဖြင့် မိသားစုရဲ့ လိုအပ်ချက်များအတွက် ဝယ်ယူရန် အသုံးပြုပါတယ်။ ”**


**Contact Us:**

**Karen Teacher Working Group (KTWG)**

Email: hq@ktwg.org
Website: www.ktwg.org
Facebook: facebook.com/ktwghome
Youtube: KawLahFilms-KTWG
Office: P.O. Box 39, Mae Sariang, MHS, 58110, TH

**Karen Education and Culture Department (KECD)**

Email: kecd.info@gmail.com
Website: www.kecdktl.org
Facebook: www.facebook.com/kecdktl
X: @KECD10
Instagram: karen_kecd
Youtube: KECD KTL
Office: PO Box 4,Mae Sot, Tak 63110, TH